## ဒုတိယသမ္မတ ဦးမြင့်ဆွေ
## (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ
## ညီလာခံနှင့် နှီးနှောဖလှယ်ပွဲတွင် ပြောကြားခဲ့သည့် ညီလာခံအဖွင့်မိန့်ခွန်း

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

အားလုံးပဲ မင်္ဂလာပါ

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ နှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနဲ့အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနဲ့ ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ကာကွယ်ရေးဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများက ဌာနေကိုယ်စားလှယ်များ၊ အစိုးရမဟုတ်တဲ့ အသင်းအဖွဲ့အသီးသီးက တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူလုပ်ငန်းရှင်များနဲ့တကွ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို (၂၀၀၀) ပြည့်နှစ်က စတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့တာ အခုဆိုရင် (၁၉)ကြိမ်မြောက် ရှိပြီဖြစ်ပါတယ်။ ယခု ညီလာခံကို တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်း မြင့်မားရေးနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးတိုးတက်ရေး၊ တိုင်းရင်းဆေးဆရာတို့ရဲ့ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ပြည်သူများရဲ့

ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာစေရေး ဆိုတဲ့ ရည်ရွယ်ချက်များဖြင့် ကျင်းပတာ ဖြစ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာရပ်များဟာ မြန်မာနိုင်ငံရဲ့ သမိုင်းအစလို့ဆိုရမယ့် တကောင်း၊ သရေခေတ္တရာ၊ ပုဂံမြို့ပြနိုင်ငံများရဲ့ ခေတ်ကာလများကတည်းက အခြေခိုင်ခဲ့တဲ့ ဆေးပညာရပ်များအဖြစ် တင့်တင့်တယ်တယ် တည်ရှိနေခဲ့တယ်ဆိုတာ ခိုင်မာတဲ့ သမိုင်းအထောက်အထားတွေ ရှိထားပြီးဖြစ်ပါတယ်။

ရှည်လျားခိုင်မာတဲ့ မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ တိုင်းရင်းဆေးသမားတော်ကြီးတွေ၊ မှူးမတ်ပညာရှိကြီးတွေနဲ့ ကျမ်းပြု သုတေသီရဟန်းပညာရှင်တွေရဲ့ပြုစုပျိုးထောင်ပေးခဲ့မှု အကျိုးကျေးဇူးတွေကြောင့် အညွန့်အခက်ဝေဆာတဲ့ ဆေးပညာရပ်များအဖြစ် အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာခဲ့တဲ့အတွက် ယနေ့ထက်တိုင် တစ်မျိုးသားလုံး ဂုဏ်ယူလေးစားအားထားဖွယ်ရာ ရိုးရာဆေးပညာရပ်တစ်ခုအဖြစ် ခိုင်ခိုင်မာမာရပ်တည်နေနိုင်ခြင်း ဖြစ်ပါတယ်။

အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာခဲ့တဲ့ တိုင်းရင်းဆေးပညာရပ်များဟာ မြန်မာလူမျိုးတို့ ယုံကြည်ကိုးကွယ်ရာ ထေရဝါဒဗုဒ္ဓသာသနာရဲ့ ဒေသနာတော်တွေ လူနေမှုစရိုက် အစဉ်အလာတွေ၊ ရိုးရာတွေးခေါ်မြော်မြင်မှု အယူအဆတွေ ပေါင်းစည်းစိမ့်ဝင်ထုံမွမ်းနေသလို မြန်မာ့တိုင်းရင်းဆေးပညာရဲ့ ဆေးဝါး၊ ကုထုံးအသွယ်သွယ်တို့ဟာလည်း မြန်မာ့ရေမြေသဘာဝ၊ ဥတုရာသီ၊ မြေထွက်၊ ရေထွက်၊ တိရိစ္ဆာန်ထွက်သယံဇာတများနဲ့ ဆီလျော်ညီညွတ်စွာ ဖြစ်ထွန်းနေတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။

ဒီလိုကောင်းမြတ်တဲ့ဂုဏ်တွေနဲ့ ပြည့်စုံတဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို ရိုးရာယဉ်ကျေးမှုအမွေအနှစ် ပညာရပ်တစ်ခုအဖြစ်နဲ့ သော်လည်းကောင်း၊ ခေတ်အဆက်ဆက်မှာ မြန်မာလူမျိုးတို့ကို ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်မြင့်မားတဲ့လူမျိုးဖြစ်လာစေရအောင် စောင့်ရှောက်ပေးခဲ့တဲ့ အစွမ်းထက်တဲ့

ရိုးရာဆေးပညာရပ်တစ်ခုအဖြစ်နဲ့ သော်လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ရင်း အစွမ်းထက် တိုင်းရင်းဆေးဝါးများ ဖြစ်ပေါ်လာစေဖို့နဲ့ ခေတ်နဲ့လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်အရှည်တည်တံ့ ထွန်းကားပြန့်ပွားစေဖို့ နိုင်ငံတော်အစိုးရကလည်း အားပေးမြှင့်တင်လျက်ရှိသလို ယနေ့ တိုင်းရင်းဆေးသမားတော်ကြီးများနဲ့တကွ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ဝိုင်းဝန်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာရပ်များကို ရိုးရာအစဉ်အလာအာနိသင်မပျက် ရှင်သန်ထွန်းကားစေရေးအပိုင်းမှာ မှေးမှိန်ပျောက်ကွယ်လုဖြစ်နေတဲ့ ဆေးပညာရပ်တွေ၊ တတ်ကျွမ်းနားလည်တဲ့ တိုင်းရင်းဆေးသမားတော်ကြီးတွေ၊ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ ဆေးပညာရပ်ဆိုင်ရာ ပေပုရပိုက်တွေနဲ့ ဆေးကျမ်းတွေ၊ အစွမ်းထက်ကုထုံးတွေ၊ အာနိသင် ထက်မြက်တဲ့ဆေးဝါးတွေ၊ အဖိုးထိုက်တန်လှတဲ့ ဆေးဖက်ဝင်ပရဆေးပင်နဲ့ ဆေးဖက်ဝင် သဘာဝသယံဇာတတွေကို ပြန်လည်ဖော်ထုတ်နိုင်စေဖို့ နိုင်ငံတော်အစိုးရက အဘက်ဘက်မှ အားပေးဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် နိုင်ငံတော်အတွင်း နယ်မြေဒေသအသီးသီးမှာ ပျံ့နှံ့ရောက်ရှိနေတဲ့ တိုင်းရင်းဆေးသမားတော်ကြီးတွေ၊ ဒေသအလိုက်၊ သမားစဉ်အလိုက်၊ အသင်းအဖွဲ့အလိုက်၊ ပြန့်ကျဲတည်ရှိနေတဲ့ ဆေးပညာရပ်အသွယ်သွယ်၊ ကုထုံးကုနည်းအမျိုးမျိုး အစွမ်းထက်တဲ့ ဆေးဝါးအဖုံဖုံတို့ကို ပြန်လည်ဖော်ထုတ် စုစည်းနိုင်စေဖို့ နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အဆင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနဲ့ နှီးနှောဖလှယ်ပွဲတွေကို နှစ်စဉ်မပျက်ကျင်းပပြီး အနယ်နယ်အရပ်ရပ်က တိုင်းရင်းဆေးသမားတော်ကြီးများ နှစ်စဉ်ဆုံစည်း ပညာဖလှယ်ကြတဲ့ အစဉ်အလာကောင်းတွေဟာ ယနေ့အထိ ခိုင်ခိုင်မြဲမြဲဖြစ်ထွန်းလာခဲ့ခြင်း ဖြစ်ပါတယ်။

ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန အနေနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် စောင့်ရှောက်မှု ပေးလျက်ရှိတဲ့အပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ၂၀၀၁ ခုနှစ်ကစပြီး အရည်အချင်းပြည့်ဝတဲ့ တိုင်းရင်းဆေးပညာရှင်များကို တိုင်းရင်းဆေး တက္ကသိုလ်ဖွင့်လှစ်ပြီး မွေးထုတ်ပေးလျက် ရှိပါတယ်။ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့များနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် တိုင်းရင်းဆေးပညာကုသမှုစနစ်များ၊ သုတေသနဆိုင်ရာများနဲ့ အတူ တိုင်းရင်းဆေးပညာဖွံ့ဖြိုးမှုတို့အတွက် မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံများနဲ့ ပူးပေါင်းပါဝင်ပြီး ASEAN Task Force on Traditional Medicine (ATFTM)၊ BIMSTEC နဲ့ မဲခေါင်ဒေသတွင်းနိုင်ငံများ တိုင်းရင်းဆေးအဖွဲ့တို့နဲ့အတူ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းဆေးဝါးများ စံချိန်စံညွှန်းသတ်မှတ်ရေးနဲ့ မှတ်ပုံတင်ရေး လုပ်ထုံးလုပ်နည်းများကိုလည်း အာဆီယံနိုင်ငံများနဲ့ ပူးပေါင်းပါဝင်ကာ ASEAN Traditional Medicine Health Suppliment Product Working Group (TMHS PWG) အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ကိုးရီးယားစသည့် နိုင်ငံများနဲ့လည်း တိုင်းရင်းဆေးနဲ့ နှီးနွှယ်သော ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နယကြီး(၄)ပါးကိုအခြေခံတဲ့ မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးနည်းစနစ်များကို အမျိုးသားရေး အမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် အသိဉာဏ် မူပိုင်ခွင့်ကိစ္စများအတွက် Intellectual Property Right (IPR) ဌာနနဲ့လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ခေတ်အဆက်ဆက် တိုင်းရင်းဆေးပညာ သင်ကြားရေးနည်းစနစ် ဆန်းစစ်သုံးသပ်ဖို့နဲ့ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ပြန့်ပွားရေးအတွက်

တိုင်းရင်းဆေးတက္ကသိုလ်မှာ သင်ရိုးညွှန်းတမ်းတွေ ပြန်လည်ရေးဆွဲခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာဦးစီးဌာနအနေနဲ့လည်း ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ရည်မှန်းချက်များဖြစ်တဲ့ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးတို့အပြင် အကောင်အထည်ဖော်ဖို့ နည်းလမ်းများဖြစ်တဲ့ ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးရေးနဲ့ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာ ကုသမှုပေးခြင်း မူဝါဒများကိုလည်း လိုက်နာကျင့်သုံးလျက်ရှိပါတယ်။

သမိုင်းအစဉ်အဆက် ပေါ်ထွန်းလာခဲ့တဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဆေးကျမ်းအထွေထွေကို ပြုစုစီရင်ခဲ့ကြတဲ့ ပညာရှင်ကြီးများရဲ့ အတွေ့အကြုံနဲ့ ပညာခန်းအဆီအနှစ်တွေ စုဝေးဖြစ်တည်နေတဲ့ မြန်မာ့တိုင်းရင်းဆေးပညာကို အယူအဆမလွဲမမှား၊ အာနိသင်မပျက်မယွင်း၊ ပညာခန်းမတိမ်းပါး မချွတ်ချော်စေဘဲ မျိုးရိုးအစဉ်အဆက်ကို လွှဲအပ်ခဲ့နိုင်ရေးအတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများက စေတနာ၊ ပညာ၊ ဝါယမ အားစိုက်မှုများဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါလို့လည်း မေတ္တာရပ်ခံ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံး ညီလာခံကြီးမှာ ညီညီညွတ်ညွတ်နဲ့ လက်တွဲပူးပေါင်းပြီး နှီးနှောဖလှယ်ပွဲရဲ့ ရည်ရွယ်ချက်များဖြစ်တဲ့ ပြည်တွင်းမှာ ထုတ်လုပ်တဲ့ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍနဲ့ တိုင်းရင်းဆေးဝါးများ ပိုမိုတိုးတက် ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အရည်အသွေး ပိုမိုပြည့်ဝတဲ့ တိုင်းရင်းဆေးပညာရှင်များ လေ့ကျင့်သင်ကြား မွေးထုတ်ပေးရန်၊ တိုင်းရင်းဆေးဖုံများနဲ့ ကုထုံးနည်းအသစ်များ ပေါ်ပေါက်

လာစေရေးအတွက် တိုင်းရင်းဆေးသုတေသန လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန်၊ ဆေးပညာရပ်ဆိုင်ရာကျင့်ဝတ်များကို လိုက်နာဆောင်ရွက်စေရန်နဲ့ သမားတု၊ သမားယောင်များ ပပျောက်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်ဆိုသည်များကို ရှေ့လုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုပြောကြားရင်း နိဂုံးချုပ် အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

DTM